လင်း နဲ့ စိုင်း တို့နှင့်အတူ

# သစ်တောလေးတစ်ခု စိုက်ပျိုးခြင်း

ကိတ်ဒေါင်းစ် မှ သရုပ်ဖော်သည်။

ချင်းမိုင်တက္ကသိုလ်
သစ်တောပြန်လည်ထိန်းသိမ်းစိုက်ပျိုး
ရေးသုတေသနဌာန၏ ဖန်တီးမှုပေါ်
အခြေခံသည်။



artRELIEF INTERNATIONAL

FORRU




# ဖန်တီးသူ၏ ကိုယ်ရေးအကျဉ်း

ဤပုံပြင်ဇာတ်လမ်းတိုစာအုပ်ကို သရုပ်ဖော်ဖန်းတီးသူ ကိတ်ဒေါင်းစ်သည် အလွတ်တန်း သရုပ်ဖော်ဖန်တီးသူတစ်ယောက်ဖြစ်ပြီး လန်ဒန်မြို့တွင်အလုပ်လုပ်ရင်းနေထိုင်လျက်ရှိသည်။သူမဟာယခုပုံပြင်ဇာတ် လမ်းတိုစာအုပ် ဖန်တီးထုတ်လုပ်မှုကို ၂၀၁၃ခုနှစ် အစောပိုင်း နိုင်ငံတကာအနုပညာနှင့်ကယ်ဆယ်ရေးအဖွဲ့အစည်းတွင်အလုပ်လုပ်နေရင်း မှပါ၀င်လာခဲ့ခြင်းဖြစ်သည်။နိုင်ငံတကာအနုပညာနှင့်ကယ်ဆယ်ရေးအဖွဲ့အစည်းသည်မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့်ချင်းမိုင်တက္ကသိုလ်သစ်တော ပြန်လည်ထိန်းသိမ်းစိုက်ပျိုးရေးသုတေသနဌာနနှင့်အတူ ပြုလုပ်သော ဆွေးနွေးပွဲတစ်ခုမှကိတ်အားကလေးများအတွက်ရုပ်ပြစာအုပ်ဖန်တီးရန်အကြံပြုသောအကြောင်းပြချက်ဖြင့်ယခုကဲ့သို့ပုံပြစာအုပ်များဖန်တီးရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။သစ်တောပြန်လည်ထိန်သိမ်းစိုက်ပျိုးရေးသည်သူမနှင့်အလှမ်းမဝေးသောအရာတစ်ခုဖြစ်ပြီးသူမသည်ချင်းမိုင်တက္ကသိုလ်သစ်တောပြန်လည်ထိန်းသိမ်းစိုက်ပျိုးရေးသုတေသနဌာန၏ အလုပ်များတွင် ပါ၀င်ကူညီရခြင်းကို ကြိုက်နှစ်သက်ခဲ့သည်။

ကိတ်သည်FORRU၏သစ်တောပြန်လည်ထိန်းသိမ်းစိုက်ပျိုးရာနေရာများ နှင့် သစ်တောပျိုးခင်းများအပြင် အဖွဲ့သားများ၏ သစ်တောပြန်လည်ထိန်းသိမ်းစိုက်ပျိုးခြင်းဆိုင်ရာ နည်းပညာများနှင့် ပတ်သတ်သော မေးခွန်းများအတွက် အလွန်စိတ်ရှည်သောအဖြေများ ဖြေဆိုပြသပေးခဲ့သည့် အချိန်များအတွက် အကြွေးတင်နေသည်ဟု ခံစားနေခဲ့ရသည့်အတွက် ဤရုပ်ပြစာအုပ်ပါ အကြောင်းအရာ အားလုံးနီးပါးကို ချင်းမိုင်တက္ကသိုလ် သစ်တောပြန်လည်ထိန်းသိမ်းစိုက်ပျိုးရေး သုတေသနဌာန၏ လက်စွဲစာအုပ်ဖြစ်သော “သစ်တောတစ်ခု ဘယ်လိုစိုက်ပျိုးမလဲ” ဟူသော စာအုပ်အပြင် ချင်းမိုင်တက္ကသိုလ် သစ်တောပြန်လည်ပြန်လည်ထိန်းသိမ်းစိုက်ပျိုးရေး သုတေသနဌာနအဖွဲ့၏ အချက်အလက်များကို ပြန်လည် အခြေပြု၍ ဖန်တီးစီစဉ်ခဲ့ခြင်းဖြစ်သည်။

peppermint.illustration@gmail.com




အဘိုးက ငါတို့ကို ဘယ်မှာတွေ့မှာလဲ။
ဒီလမ်းအတိုင်း နည်းနည်း ဆက်သွားရမယ်။
နေသိပ်မပူခင် စလျှောက်ခဲ့သင့်တာ။
. ဟုတ်ပါပြီ။ အဲ့တာဘယ် သူ့အမှားလဲ။
ဗိုက်ဆာလို့ပါ။
နင်စားတာကို တစ်နာရီလောက် အချိန်ယူပြီး စားနေတာလေ။
ဗိုက်ဆာတာက တော့ ငါလဲ တားမရဘူးဟ။
ကြည့်။ ဟိုမှာ အဘိုး လာပြီ။
လင်း၊ စိုင်း။
အဘိုး။




အဘိုးက မြေးတို့ ဒီထက် ပိုစောလာမယ် ထင်နေတာ။
စိုင်း က စားတာမရပ်ဘူးလေ။
အဘိုးက သားတို့ကို တောအုပ်ထဲ လိုက်ပြမှာလား။
ဟုတ်တယ်။ လမ်းတော့အရှည်ကြီး လျှောက်ရမှာ။
သမီးက သစ်တောကို ဒီထက်ပိုအုပ်ဆိုင်းပြီး ပိုကြီးမယ် မျှော်လင့်တာ။
အရိပ်ထဲမှာလဲ လျှောက်မယ်လေ။
အဘိုး ငယ်ငယ်တုန်းက ဒီမှာ သစ်ပင်တွေ အများကြီးရှိတယ်။
ထိုင်းနိုင်ငံက တစ်ချိန်တုန်းက ဒီလိုတော့အုပ်တွေအများကြီးနဲ့ ဖုံးလွှမ်းနေခဲ့တာ။ ဒါပေမဲ့ တစ်ဝက်ကျော်လောက်က ဖျက်စီးခံလိုက်ရပါပြီ။
တစ်ဝက် ကျော်တောင် လား။


ထိုင်းသစ်တော ဧရိယာရဲ့ သုံးပုံ နှစ်ပုံက ၁၉၆၁ ကတည်းက ပျောက်ကွယ်သွားခဲ့တာ။
အရမ်းကြီးမဆိုးပါဘူး။ ၁၉၆၁ ကဆိုတော့ နှစ်အတော်တောင်ကြာခဲ့ပြီဘဲ။
အဘိုးက အဲ့ထက် အသက်ကြီးတယ်ဟဲ့။
ဟုတ်တယ်။ သစ်တောပြုန်းတီးမှု အများစုက လက်တလောအချိန်တွေမှာဘဲ ဖြစ်ပျက်ခဲ့တာ။
အရင်တုန်းကဆို လူတွေက တစ်ခါတောရှင်းရင် သူတို့လိုသလောက်ဘဲ တောရှင်းကြတာ။ လယ်ယာစိုက်ပျိုးဖို့မြေရယ် ဒါမှမဟုတ် ပစ္စည်းတွေလုပ်ဖို့ သစ်သားရယ်ပေါ့။
သစ်ပင်ကို အဲ့ဒီပုဆိန်နဲ့ ခုတ်လှဲဖို့ဆို အချိန်အကြာကြီး ယူရမှာပေါ့နော်။
လူဦးရေတိုးပွားလာတာနဲ့အမျှ နည်းပညာအသစ်တွေကလဲ မြေဧရိယာအများကြီးကို တစ်ခါတည်း ရှင်းလင်းပစ်နိုင်အောင် တိုးတတ်လာတယ်။
ဒါပေမဲ့ အရမ်းကြီးတော့လဲ မကြာပါဘူး။
သစ်တော့ပြုန်းတီးမှုက တစ်ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဘဲ။



ဒါပေမဲ့ တောင်ယာစိုက်ဖို့အတွက် မြေလိုရင်တော့ဒါကအရမ်းမဆိုး ဘူး မဟုတ်လား။
ဟုတ်တာပေါ့။
ဒါပေမဲ့ သစ်တောတွေကို ထိန်းသိမ်းရမယ့် အကြောင်းအရင်းတွေ အများကြီးရှိတယ်ကွဲ့။
ဘယ်လိုမျိုးလဲဟင်။
အဘိုးတို့တဲ့ သီးနှံတွေကို ဖျက်စီးမဲ့ ပိုးကောင်တွေကို စောင့်ကြည့်ပေးတဲ့ သားကောင်တွေအတွက်ပေါ့။
ပြီးတော့မှို၊မျှစ်၊ခုနဲ့ဒီပျားရ ည်တို့လိုအစားသောက်ထု တ်ကုန်တွေအတွက်ပေါ့။
သား ပျားရည်ကြိုက်တယ်။
ဝါး။
သစ်တောအုပ်ကြီးတွေမှာဘဲ နေထိုင်ကျက်စား ကြတဲ့ နှာ်စ္ဆရတိတွေလည်း အများကြီးရှိတယ်။ သစ်တောတွေကလည်း ဒီထက်ပိုပြီး သစ်ပင်တွေပေါက်လာဖို့အတွက် သူတို့ရဲ့ မျိုးစေ့တွေကို သယ်ဆောင်ပေးဖို့ နှာ်စ္ဆရတိနဲ့ ငှက် တွေကိုလိုအပ်တယ်။ အဘိုး ငယ်ငယ်တုန်းကဆို ဒီမှာ ဆင် တွေပါရှိတာ။



သစ်ပင်တွေမှာအခြားအရေးကြီးတဲ့ လုပ်ငန်းတစ်ခုရှိသေးတယ်။သူတို့ရဲ့ သစ်ရွက်ခြောက်တွေကမြေဆီလွှာကို အားကောင်းစေတဲ့အပြင် ရေတွေလည်းအများကြီးစုပ်ယူနိုင်တယ်။ သစ်ပင်အမြစ်တွေကလည်း မြေတိုက်စားမှုမဖြစ်အောင် ကာကွယ်ပေးလို့ မြေပြိုမှု အနရယ် တွေလဲ လျော့ချပြီးသား ဖြစ်တာပေါ့။
သမီး သိပြီ။ ဒါဆို မြေဆီလွှာက မိုးမရွာတဲ့ အချိန်ကာကတွေအတွက် ရေကိုသိုလှောင်ထားတာ ပေါ့နော်။
ဒါဆို အပင်တွေမရှိရင် ခြောက်သွေ့သွားတဲ့ရာသီမှာ မိုးခေါင်မယ်။
မိုးရွာရင်လဲ ရေကြီး ရေလျှံမမယ်။ အိုး။



နောက်ကျသွားသည့်တိုင်
အောင် ဒီပြဿနာတွေကို
ဘယ်သူမှ မတွေးခဲ့ကြဘူး။
ဒါက
ကြောက်စရာကြီးနော်။
သမီးတို့
ဘာလုပ်နိုင်မလဲ။
အဘိုးတို့
ဘာလုပ်သင့်လည်းလို့
ထင်လဲ။
သစ်ပင်ခုတ်လှဲတာကို ရပ်ပစ်ရမယ်။
ဒါမှ သစ်တောတွေ
ပြန်ပေါက်လာနိုင်ပါတယ်။
တိရစ္ဆာန်များနှင့်
ငှက်များ မရှိရင်ရော။
အေးဟုတ်တယ်။
မျိုးစေ့တွေက
မပြန့်ပွားတော့ဘူးနော်။
အခြားသစ်ပင်များကို
အစားထိုးဖို့အတွက် သစ်
ပင်အသစ်တွေ
စိုက်ပျိုးရမယ်။
ဒါပေမယ့်
သတိတော့ပြုရမယ်။
သစ်တောတွေက မတူညီတဲ့ သစ်ပင်မျိုးစိတ်များစွာနှင့်
ဖွဲ့စည်းထားတာ။ သူတို့ကို အတူရှင်သန်ကြီးထွားကြ၊
ဖြစ်ထွန်းကြတာဘဲ။ အဲ့တာကို ဇီဝ မျိုးစုံမျိုးကွဲများ
ဟုခေါ်တယ်ကွဲ့။
ဒါပေမယ့်
အဲ့လောက်အများကြီး
ဘယ်လို အစားထိုးနိုင်မလဲ။
မျှော်လင့်ခြင်း
မရှိတော့ပါဘူး။
မျှော်လင့်ခြင်း
မရှိတာမဟုတ်ပါဘူး။ ဘယ်
မှာစတင်ရမယ်ဆိုတာ
သိဖို့လိုတာပါ။



ဒီမှာကြည့်- ဒီနေရာက တေ ရှင်းလင်းပြီးသော နေရာများထဲမှ တစ်ခုဖြစ်လေ။
သစ်ငုတ်တိုတွေချည်ဘဲ။
အရမ်းဝမ်းနည်းစရာဘဲနော်။
အကုန်လုံးတော့ မသေပါဘူး။ ဟိုဘက်ကိုကြည့်ပါဦး။
ဟာ အသက်ရှင်နေတုန်းနော်။
ဟုတ်တယ်။ ပြန်ပေါက်ဖို့ အညွန့်တွေစတင်နေပါပြီ။ တွေ့လား။သစ်တောက အမြဲပြန်ကြီးထွားချင်နေချင်နေတာ။
ကြည့်ပါဦး။ ပျိုးပင်လေး တစ်ပင်ပေါက်နေတာ။
ကောင်းတယ်ကွာ ။ မင်းအကြံကောင်းတယ်။
ပေါင်းပင်တွေ သား ရှင်းလိုက်မယ်။
ဒီလိုသစ်တောများကြီးထွားလာစေရန်ကူညီပေးတာကို သဘာဝပြန်လည်ထူထောင်ရေး-ANR လို့ခေါ်တယ်။


သာတို့ ဒီအရာကို တတ်နိုင်သမျှ လုပ်သင့်တယ်။
အဲ့ဒီလို ပြန်လုပ်ဖို့အတွက် အကောင်းဆုံး နေရာများကို ရှာဖွေရမယ်။
ဒီနေရာက သစ်တောနှင့် နီးကပ်သောကြောင့် မျိုးစေ့ချရန် ငှက်များနှင့် တိရစ္ဆာန်များအတွက် လွယ်ကူတယ်။
ငှက်တွေအတွက် နေထိုင်စရာ ဆောက်ခြင်းဖြင့် ကူညီအားဖြည့် ပေးလို့ရတယ်။
လင်းနို့တွေအတွက်ရောပေါ့။
သမီးတို့ကိုယ်တိုင် မျိုးစေ့များ စိုက်ပျိုးလို့ရနိုင်မလား။
ရတာပေါ့။ ဘယ်လိုစိုက်ရမလဲဆိုတာ အဘိုးပြမယ်။
အပေါက်တစ်ခုလုပ်ရန် တုတ်ကိုသုံးနိုင်တယ်။ ဒီနေရာမှာရှိတဲ့ ပေါင်းပင်များကို သေချာ ရှင်းပြီးသားဖြစ်ရမယ်။
မျိုးစေ့တွေ ကျင်းထဲဝင်သွားပြီဆိုရင် ကျင်းကိုမြေဆီလွှာနဲ့ ဖုံ့လိုက်။
အဘိုးတို့ ကောင်းမွန်သော အစပျိုးမှုကို ပြုလုပ်နိုင်လိုက်ခဲ့ပြီ။


ကောင်းပြီ၊ သားတို့သစ်ပင်စိုက်ဖို့အစီအစဉ် ကရော ဘယ်လိုလဲ။ ဒါလေးကိုလက်မလျှော့လိုက်ပါနဲ့ဦး။
သမီးတို့ တခြားရောဘာ တွေလုပ်နိုင်လဲ။
သူတို့တွေက သစ်ပင်များမှ မျိုးစေ့များကို စုဆောင်းနေကြတာပါ။
အဲဒီမှာ သူတို့တွေ ဘာတွေလုပ်နေ တာလဲ။
တွေ့တယ်မလား။ သစ်ပင် အားလုံးကို တစ်ပြိုင်နက် ပြန်မထိန်းနိုင်သေးသော်လည်း၊ ဘယ်သစ်ပင်နှင့် စတင်ထိန်းသိမ်းတာ အကောင်းဆုံးဖြစ်မလဲကို အဘိုးတို့ ရှာလို့ရတယ်။
. ဒီသစ်ပင်များဟာ သစ်တောပြန်လည်ထူထောင်ရေးအတွက် စံနမူနာတစ်ခု ဖန်တီးပေးထားတာ။ အဲ့တာကြောင့် နမူနာမျိုးစိတ်များ လို့ခေါ်တယ်။



နမူနာအပင်ကောင်းဖြစ်ဖို့ ဘာတွေလိုမလဲ။
စပြောရရင်၊ အဲ့ဒီအပင်တွေက သစ်တောပြုန်းတီးသောနေရာများမှာတောင် ရှင်သန်နိုင်ဖို့လိုအပ်သည်။
စပြောရရင်၊အဲ့ဒီအပင်တွေကသစ်တောပြုန်းတီးသောနေရာများမှာ တောင်ရှင်သန်နိုင်ဖို့လိုအပ်သည်။လျင်မြန်စွာကြီးထွားရမယ်။ပြီးတော့ ပေါင်းပင်များကို အရိပ်မိုးနိုင်ဖို့ အရွက်များက သရဖူပုံစံ ထူထပ်စွာ ဖြန့်ကျက်ရှိရမယ်


သစ်ပင်တစ်ပင်သည် အဲ့တာတွေနဲ့သင့်လျော်ကိုက်ညီရင် ဦးတို့က မျိုးစေ့များကို စုဆောင်းလို့ရတယ်။
ဒီမှာ ဦး စုဆောင်းထားတဲ့ အစေ့တွေလေ။
ကျေးဇူးတင်ပါတယ်ရှင့်။
အသီးတွေနဲ့တူတယ်နော်။
အစေ့တွေက အသီးထဲမှာဟ အရှုးရဲ့။
အမျိုးမတူတာတွေကို ကြည့်ပါဦး။
သားတို့ အဲ့ဒါတွေကို စိုက်ကြမလား။
ဟုတ်ပြီ။ ဒါပေမဲ့ အခုတော့ မြေကြီးပေါ် စိုက်လို့မရသေးဘူး။ သူတို့က အကူညီလိုနေသေးတယ်။
သမီးတို့ကို ဘယ်ခေါ်သွားနေတာလဲ။
အပင်တွေကို ပြုစုတဲ့နေရာပေါ့။



ပျိုးဥယျာဉ်။


ဒီနေရာက မျိုးစေ့တွေကိုစိုက်ပြီး
အပင်တွေကြီးထွားလာတဲ့ထိ
ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာပေါ့။



လင်း နဲ့ စိုင်း။ ဒီအန်တီက
မာလီ တဲ့။
ကြည့်ချင်တယ်
အန်တီ။
ပျိုးဥယျာဉ်ကို
လိုက်ကြည့်ချင်လား
ကလေးတို့။
သားတို့
အရင်စားလို့ရလား။


ဒီဗန်းများထဲ မျိုးစေ့များကို စိုက်ပျိုးကြတာကွဲ့။
ဒီအပင်တွေက ကြီးထွားရန် စတင်နေပြီဖြစ်ဘဲ။
သူတို့လေးတွေ ကြီးထွားလာရင် အိုးထဲမှာ ထည့်စိုက်လို့ရပြီ။
ဘယ်လိုမြေဆီလွှာကို အသုံးပြုမှာလဲ။
ဒီမှာကြည့်။
ဒါက သစ်တောမြေဆီ တစ်ဝက်နဲ့ မြေပဲခွံ တစ်ဝက်ရောထားတာ
သားက မြေပဲကြိုက်တယ်။
ထမင်းနဲ့အုန်းသီးကိုလည်း ကြိုက်တယ်။
စပါးခွံ သို့မဟုတ် အုန်းခွံကိုလည်း သုံးလို့ရတယ်။
စိုင်းရေ မြေဆီကိုတော့ မစားလိုက်ပါနဲ့ဟယ်။


ပထမဆုံး ဒီအိတ်တွေထဲ မြေဆီထည့်ရမယ်။
ပြီးရင် မြေဆီ အထိုင်ကျအောင် အိတ်ကိုမြေကြီးပေါ်ရိုက်ပေးရမယ်။ အဲ့လောက်ကြီးမဟုတ်ဘူးနော်။
ဒီလိုမျိုး။
ပြီးရင်မြေဆီထပ်ဖြည့်ပြီး အပင်ထည့်စိုက်ဖို့ အပေါက်လေးတွေ ဖောက်ရမယ်မလား
ဟုတ်တယ်
အမြစ်တွေအတွက် နေရာကျန်အောင် ချန်ထားရမယ်။သတိထား။ အဲ့တာကို အတွင်းထဲထည့်ရမှာ။
အို့။
ပျိုးပင်ပေါက်လေးတွေ ကိုဇွန်းနဲ့ ထုတ်ယူရမယ်။
ဖြေးဖြေးလေးနော်။
ငါတို့မြေဆီလွှာထပ်ဖြည့်ပြီး ထပ်ထည့်စိုက်ကြမလား။
ဒီတစ်ခါ သတိထားနော်။
ကြည့်ရအောင်။ ကောင်းလိုက်တာကွယ်။ မာလည်းမမာ ပျော့လည်းမပျော့ဘူး။ အပင်လေးကလဖြ နေရာတကျဖြစ်တယ်။
တော်လိုက်ကြတာ။
သမီးတို့ နောက်ထပ်စိုက် လို့ရသေးလား။



အပင်စိုက်တာ ဘယ်လိုနေလဲဟေ့။
သားတို့ အရမ်းတော်တာ ဘိုးဘိုးရဲ့။
အခု အပင်လေးတွေကို ရေလောင်းပြီး မြေဩဇာကျွေးရမယ်။
ပျိုးပင်လေးတွေကို ရောဂါနဲ့ ဟောဒီလို နှံကောင်၊ပိုးမွှားတွေရန်ကနေ ကာကွယ်ပေးရမယ်။
အော့ ဟား။
ပေါင်းပင်တွေလဲရှင်းရမယ်။ ပြီးရင် မျိုးအောင်တဲ့အပင်တွေကိုလဲ သိပ်မကောင်းတဲ့ အပင်တွေနဲ့ ခွဲထားရမယ်။
. ပြီးတော့ တိရစာန်တွေကိုလဲ အဝေးမှာထားရမယ်။
ဒါဆို မကြာခင် ပျိုးပင်လေးတွေကို ချစိုက်လို့ရပါပြီ။



အပင်သစ်တွေကို ဘယ်ချိန်စစိုက်မှာလဲ။
ကျေးရွာတွေအနေနဲ့ ဒေသအာဏာပိုင်တွေရယ် သစ်တောဌာနနဲ့ ပူးပေါင်းပြီး စိုက်ရမယ့်မြေနေရာကို ဆုံးဖြတ်ရမယ်။
မြေအသုံးပြုခွင့် ခွင့်ပြုချက်ရဖို့လည်း အရေးကြီးတယ်။ ဒါမှ အနည်းဆုံး တစ်နှစ်လောက်အတွင်းချိန်ယူပြီး ပြင်ကြရမယ်။
တစ်နှစ်လုံး လား။
စောင့်နေတုန်းမှာ သားမုန့်စားလို့မရ ဘူးလား။
ဟုတ်ပြီ။ ဒါက အရမ်းကြီးတဲ့ လုပ်ငန်းဖြစ်တယ်။ သစ်တောတွေက အရေးကြီးတယ်။ ဒါကြောင့် ကိစ္စအဝဝကို အစီစဉ်ဆွဲရမယ်။
လျှာထားစိုက်ခင်းနေရာ လေး သွားကြည့်ကြမလား။
သွားကြည့်မယ်။



ဒီနေရာကြည့်ရတာနေရာကောင်းပဲ။ သူတို့တွေတည်နေရာကိုGPSနဲ့ မှတ်နေကြတာ။
နေရာကောင်းဟုတ် မဟုတ်ဘယ်လိုပြော နိုင်မလဲဟင်။
အင်း။အဲ့နေရာက တောအုပ်ရဲ့တခြားအစိတ်အပိုင်းနေရာတွေနဲ့အနီးအနားဝန်းကျင်မှာရှိရမယ်။ဒါမှအပင်တွေကြီးထွားလာရင်သူတို့တွေချိတ်ဆက်မိပြီးသစ်တောကိုပိုကြီးထွားလာစေမှာ။
ပြီးတော့ ခုနက သစ်ပင်တွေနဲ့ရေနဲ့ကြားက အရေးကြီးတဲ့ဆက်နွယ်မှုကို ပြောခဲ့ပြီးပြီမလား။ဆိုတော့ရေရှိတဲ့ စိုက်ခင်းနေရာတွေကို အဘိုးတို့ကရှာရတယ်။
သစ်ပင်တွေက မြေပြိုတာကို ကာကွယ်နိုင်တယ်လို့လည်း အဘိုးပြောတယ်လေ။
မှန်တာပေါ့။ အဘိုးတို့က မြေပြိုမယ့်အန္တရာယ်ရှိတဲ့ ရေ်ယာတွေကိုလည်း ရှာရတယ်။




သားတော အပင်စစိုက်ဖို့ စိတ်လှုပ်ရှားလာပြီ။
သမီးတို့ဘယ်တော့စလို့ရမလဲဟင်။
သားတို့လည်းအဆင်သင့်ဖြစ်လုနီး ပါပြဲ။
စခါနီးပါပြီ။
ပထမဆုံး စိုက်ခင်းမြေကွက်ကို ပေါင်းပင်တွေ အရင်ရှင်းရမယ်။
စပြီး ကြီးထွားလာတဲ့ ပျိုးပင်တွေကိုလည်း အမှတ်အသားလုပ်မယ်။
ပြီးရင် လုပ်အားပေးအဖွဲ့တွေစုဆောင်းမယ်။ သူတို့မှာ ပစ္စည်းကိရိယာ အစုံအလင်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအတွက်အဆင်ပြေစေရမယ်။
ပြီးရင် ပျိုးဥယျာဉ်က ပျိုးပင်တွေကိုလည်း သယ်ရမှာပေါ့။
သူတို့ ကားကိုဂရုစိုက်မောင်းရမယ်။


သားတို့သမီးတို့ ကြည့်ရတာ အပင်စိုက်ဖို့ အဆင်သင့်ပဲထင်တယ်။
သားတို့ ကြည့်ကောင်းတယ်နော်။ ဒီဦးထုပ်လေး သိမ်းထားလို့ရလား။
အဖွဲ့တွေခွဲပြီးသွားပြီ။ သမီးတို့က ဟိုနေရာမှာ စိုက်ရမှာ။



သူတို့က မြေကျင်းတူးဖို့တောင် စတိုင်းနေကြပြီ။
Hello!
ကြည့်ပါဦး။ ဟိုမှာ မာလီ။


ပလတ်စတစ်တွေကိုပဲ ဖြတ်ထုတ်လိုက်။ အပင်ကို မြေကြီးထဲထည့်လို့ရပြီ။
စိုင်းကို ဓါးပေးထားလို့ ကောင်းပါ့မလား။
သူ့အဆင်ပြေမှာပါကွယ်။




အခုအန်တီတို့ပျိုးပင်လေးတွေကိုမြေသြဇာအချို့ကျွေးရန်အတွက် ဖြန့်ပေးရမယ်။
အဲဒါပြီးရင် သားတို့ကိုယ်တိုင်ကျွေးကြည့်လို့ရမလား။
အဘိုးတို့ အပင်တွေအများကြီးစိုက်တာမို့ ပေါင်းပင်တွေကို **အရိပ်တွေက ဖုံးအုပ်သွားမယ်။**
ကပ်ထူစက်ဝိုင်းက ဘာအတွက်လဲ။
အဲ့သည့်ဟာကို Mulch mat လို့ခေါ်တယ်။ သူကပျိုးပင်တွေနားတစ်ဝိုက်မှာ ပေါင်းပင်တွေပေါက်တာကိုကာကွယ်ပေးတယ်။
သမီးတို့ သစ်ပင်ဘယ်နှစ်ပင် စိုက်ခဲ့ပြီလဲ။
တစ်ဟက်တာ အပင်၃၀၀၀လေ။
အဲ့တာက ၁ ရိုင်ကို အပင်၅၀၀ ပေါ့။
အဘိုးတို့ အပင်တွေအများကြီးစိုက်တာမို့ ပေါင်းပင်တွေကို **အရိပ်တွေက ဖုံးအုပ်သွားမယ်။**
ဒါပေမယ့် **အဘိုးတို့စိုက်ထားတာ**ထက် ပိုပြီးတော့ ပေါင်းပင်တွေကများနေရင် ပေါင်းပင်တွေအရမ်းထူထပ်သွားမှာ။



အပင်တွေကို မှန်ကန်စွာ စိုက်ပျိုးထားပြီးလားဆိုတာ သေချာအောင်ပြန်ကြည့်နေကြတာ။
သူတို့ဘာလုပ်နေတာလဲ။
သာတို့ဟာတွေက သေချာ စိုက်ပျိုးခဲ့ပြီပြီးနော်။
သမီးတို့ ဘာလုပ်ရမလဲ။
သစ်ပင်များ ကြီးထွားလာသည်နှင့်အမျှ အဘိုးတို့ကလည်း သေချာပြုစုစောင့်ရှောက်ရပါမယ်။
ပထမနှစ်မိုးရာသီအတွက် မြေဩဇာကို ဆက်လက်အသုံးပြုသွားပါမယ်။
သားတို့ ပထမဆုံးမိုးရာသီသုံးရာသီအတွက် ပေါင်းပင်တွေကိုသုတ်သင်မယ်။
ဟုတ်တယ်၊ သစ်ပင်တွေ ကြီးထွားလာတာနဲ့အမျှ တိုင်းတာပြီး မှတ်တမ်းတင်ထားရမှာ။
ဒီကိုပြန်လာမယ့် ငှက်တွေနဲ့ တိရစ္ဆာန်တွေကို အဘိုးတို့ သတိပြုရမယ်။
လုပ်စရာတွေ အများကြီး နော်။


အဖိုးရေခဏ ဟိုကိုကြည့်ပါဦး။
ဘာဖြစ်တာလဲ။
ဟိုမှာ။ မီးတွေ။
ဟယ်တော်။
စိတ်ပမပူပါနဲ့။ အဲ့တာ အဝေးကြီးမှာပါ။
ဒါပေမဲ့ ဒီတစ်ခုက နီးလာနိုင်တယ်။
သစ်ပင်တွေအတွက် ရော ဘယ်လို လုပ်ကြမလဲ။
အင်း။ အဲ့ဒါကတော့ ပြဿနာဘဲ။
ဒါပေမယ့် မီးမလောင်ခင် တားဆီးဖို့ လုပ်ဆောင်နိုင်တဲ့ အဆင့်တွေ ရှိပါတယ်၊ စောင့်ကြည့်ဖို့ အဖွဲ့တွေကို စုစည်းပြီး မင်းအခုနကသတိပေးသလိုမျိုး သတိပေးနိုင်မှာပါ စိုင်းရေ။
အဘိုးတို့ အပင်တွေအများကြီးစိုက်တာမို့ ပေါင်းပင်တွေ **အရိပ်တွေ ဖုံးအုပ်သွားမယ်**။ ဒါပေမယ့် **အဘိုးတို့စိုက်ထားတာ**ထက် ပိုပြီးတော့ ပေါင်းပင်တွေကများနေရင် ပေါင်းပင်တွေအရှိန်းထူထပ်သွားမှာ။
ပိုကြီးလာရင်တော့ မီးသတ်သမားတွေကို အကူအညီတောင်းလို့ရတယ်
ဝိုး။


ဘာကြီးလဲ။
စိုက်ခင်းပျိုးပင်တွေ မီးတားပြီးတော့လဲ ကာကွယ်လို့ရတယ်။
မီးတားတယ်ဆိုတာဘာကြီးလဲ။
လာခဲ အဘိုးပြမယ်။
ဟိုမှာတွေလား၊ ပေါင်းပင်တွေကို အပိုင်းရှည်နှစ်ပိုင်း ပိုင်းလိုက်ပြီး အလယ်ကနေ အဲ့လိုလှုပ်ပြီးတော့ လောင်နေတဲ့မီးကို တားလို့ရတယ်။
အဲ့လိုနည်းနဲ့ စိုက်ခင်းပျိုးပင် တွေကို ကာကွယ်လို့ရတ ယ်။
ဒါကြောင့်မို့လို့ သိပ်ပြီးတော့ စိတ်ပူမနေပါနဲ့။
တော်သေး တာပေါ့။


ပွင့်လင်းရာသီမှာ တောမီးမလောင်ဘဲပြီးသွားရင် သစ်ကြီးပင်တွေကိုကန်တော့ပြီး တောစောင့်နတ်တွေကို ဂါရဝပြုကြတယ်။
ပြီးတော့ အားလုံးက တူတူအလုပ်လုပ်ကြတဲ့အတွက်ကြောင့် အားလုံးအတူတူ အပန်းဖြေအနားယူဖို့လဲ လိုတယ်လေ။
နောက်ဆုံးတော့ စားရပြီဟေ့။
ဒီသစ်ပင်တွေက ဘယ်အချိန်မှ တောအုပ်ကြီးဖြစ်လာမှာလဲ။ ခဏနေလား။
ကြာဦးမှာလေ။ တောအုပ်တစ်ခုဖြစ်လာဖို့ နှစ်တွေအများကြီး ကြာတယ်။
မှန်တယ်ကွဲ့။ ဒါပေမဲ့ အဘိုးတို့စိုက်တဲ့ သစ်ပင်တွေက ကြီးထွားနှုန်းမြန်တာရှယ် အဘိုးတို့အားလုံးရဲ့ကြိုးစားမှုတွေရှယ်ကြောင့် မြေးလေးတို့ထင်ထားတာထက် ပိုစောပြီး ရလဒ်တွေ တွေ့ရမှာပါ။ နှစ်အနည်းငယ်အတွင်းဘဲ။


ငှက်တွေ၊ တိရိစ္ဆာန်တွေ၊ တခြားအပင်မျိုးစိတ်တွေပြန်လာတာနဲ့ တောအုပ်ကြီးက ပြန်လည်စိုပြေစိမ်းလန်းလာလိမ့်မယ်။
သမီးကတော့ မစောင့်နိုင်တော့ဘူး။
သားရောဘဲ။


တောအုပ်ပြန်ဖြစ်လာဖို့စောင့်နေတုန်းမှာ သားတို့သမီးတို့ ဘာတွေလုပ်နေကြမလဲ။
သမီးကတော့ သစ်ပင်တွေအများကြီးအကြောင်းကိုလေ့လာမယ်။ ပြီးရင် အဲ့သစ်ပင်တွေကို ဘယ်လိုစိုက်ရမလဲဆိုတာ လေ့လာမယ်။
သားကတော့ ငှက်ကြည့်တဲ့အဖွဲ့လေး ထောင်ချင်တယ်။
ဒါနဲ့ အရေးကြီးဆုံးက မြေးလေးတို့ သစ်တောတွေအကြောင်းသိသလောက် ကျန်တဲ့သူတွေလည်း သိကြဖို့လိုတယ်။
သင်တို့ရောဘာလုပ်ကြမလဲ။

# သစ်တောပြန်လည်ထူထောင်ရေး သုတေသနဌာန ချင်းမိုင်တက္ကသိုလ် (FORRU)



ကျွန်ုပ်တို့ သစ်တောပြန်လည်ထူထောင်ရေး သုတေသနဌာနချင်းမိုင်တက္ကသိုလ်သည် ထိုင်းနိုင်ငံ မြောက်ပိုင်း ချင်းမိုင်းတက္ကသိုလ် သိပ္ပံဌာနမှ ဇီဝဗေဒပညာရှင်များနှင့် သုတေသနကျောင်းသားများ ပါဝင်ပြီး သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်သိမ်းခြင်းနှင့်ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် အပူပိုင်း မိုးသစ်တော ဇီဝဂေဟများကို ပြန်လည်ထိန်းသိမ်းရန် နည်းလမ်းအသစ်များကို ထောက်ပံ့နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ဌာနတွင် အဖွဲ့အစည်းအများအပြားကို နည်းပညာဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးနေသော ပညာရပ်ဆိုင်ရာ အဖွဲ့တစ်ခုလည်းပါဝင်သည်။

ကျွန်ုပ်တို့သည် ဇာတိသစ်တောပင်များ၏ မျိုးပွားမှုဆိုင်ရာဂေဟစနစ်နှင့် စိုက်ပျိုးခင်းများတွင် ၎င်းတို့၏ မျိုးပွားမှုအခြေအနေများကို သုတေသနပြုလုပ်ပါသည်။ ထို့ကြောင့် မြေပြင်ကွင်းဆင်းလေ့လာခြင်းကို အသုံးပြုပြီး အပင်မျိုးစိတ်တစ်ခုချင်းစီ၏ ရှင်သန်မှုများကို လေ့လာတိုင်းတာပြီး ဇီဝမျိုးကွဲများ ပြန်လည်ရှင်သန်လာခြင်းနှင့် ပြန်လည်ထိန်သိမ်းထားသော သစ်တောဧရိယာများတွင် ကာဗွန်သိုလှောင်ခြင်းတို့ကို စောင့်ကြည့် စစ်ဆေးပါသည်။

FORRU-CMU သည် သစ်တောပြန်လည်ထူထောင်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးကို ရပ်ရွာများ၏ လိုအပ်ချက်များနှင့် ပေါင်းစည်းရန် ဒေသခံပြည်သူများနှင့်အတူ တက်ကြွစွာပါဝင် ဆောင်ရွက်ပါသည်။ အကယ်၍ ဒေသခံပြည်သူများသည် သင့်လျော်သော နည်းပညာပံ့ပိုးမှုရှိပြီး ပရောဂျက် အစကတည်းက တိုက်ရိုက်ပါဝင်ပတ်သက်နေပါက၊ ၎င်းတို့သည် ပရောဂျက် စတင်လုပ်ကိုင်ခြင်းသဘောတရားကို သိလာစေပြီး သစ်တောများအား ထိန်သိမ်း စောင့်ရှောက်ခြင်းနှင့် ပြန်လည်ထိန်းသိမ်း စိုက်ပျိုးထားစားသောနေရာများတွင် နောက်ဆက်တွဲ သစ်တောပြုန်းတီးမှုဖြစ်နိုင်ခြေများကို လျှော့ချရာတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကန်ချနပူရီနှင့် ခရာဘိ ခရိုင်များတွင် ဂြိုဟ်တုယူနစ်များ တည်ထောင်ထားပြီး လာအို၊ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားရှိ သစ်တောအာဏာပိုင်များနှင့်လည်း ထိုနိုင်ငံအသီးသီးရှိ ထူးခြားသောဂေဟစနစ်များနှင့် လူမှုနိုင်ငံရေးအခြေအနေများအတွက် သင့်လျော်သော နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ကျွန်ုပ်တို့ ပူးပေါင်းလုပ်ကိုင်လျှက်ရှိပါသည်။ ကျွန်ုပ်တို့သည် ရပ်ရွာအဖွဲ့များ၊ ကျောင်းများ၊ နိုင်ငံတကာ ထိန်းသိမ်းရေးအဖွဲ့များ ၊ အစိုးရအေဂျင်စီများနှင့် ပုဂ္ဂလိကကဏ္ဍတို့နှင့် လည်း လက်တွဲဆောင်ရွက်ပါသည်။ CMU သည် FORRUအား ထောက်ပံ့ကြေးအနည်းငယ်အပြင် ရုံးခန်းနေရာနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုဖြင့် ထောက်ပံ့ပေးသော်လည်း ကျွန်ုပ်တို့၏ရန်ပုံငွေအများစုကို သုတေသနထောက်ပံ့ကြေးများနှင့် လှူဒါန်းမှုများမှ ရရှိပါသည်။

# ဘန်မယ်ဆာမိုင် (Ban Mae Sa Mai)

ဒီကာတွန်းထဲက ဇာတ်ကောင်တွေဟာ FORRU-CMU ရဲ့ပထမဆုံး သစ်တောပြန်လည်ထိန်းသိမ်းစိုက်ပျိုးရေးအတွက် စမ်းသပ်ရာ နေရာဖြစ်သော ချင်းမိုင်မှ မြောက်ဘက်သို့ တစ်နာရီခန့် ကားမောင်းသွားရသော ဘန်မယ်ဆာမိုင် ရွာသားများအပေါ် အခြေခံထားခြင်းဖြစ်ပါသည်။

အဆိုပါကျေးရွာသည် ထိုင်းနိုင်ငံမြောက်ပိုင်းရှိ အကြီးဆုံး မုံတောင်တန်းအသိုင်းအဝိုင်းဖြစ်ပြီး အိမ်ထောင်စု ၁၉၀ နှင့် စုစုပေါင်းလူဦးရေ ၁၈၀၀ ကျော်ရှိသည်။ မူလက အမြင့် ၁၃၀၀ မီတာတွင် တည်ထောင်ခဲ့သော်လည်း သစ်တောပြုန်းတီးမှုကြောင့် ကျေးရွာရေပေးဝေရာနေရာသည် ရေ ခန်းခြောက်သွားခြင်းကြောင့် အဆိုပါ ကျေးရွာသည် တောင်အောက် ချိုင့်ဝှမ်းဒေသသို့ ကီလိုမီတာအနည်းငယ်ပြောင်းရွှေ့ခဲ့ရခြင်းဖြစ်သည်။ ဤဖြစ်ရပ်သည် သစ်တောပြုန်းတီးမှုနှင့် ရေအရင်းအမြစ်များ ဆုံးရှုံးခြင်းကြား ဆက်စပ်မှုကို ရွာသားများအား ပြင်းပြင်းထန်ထန် ခံစားသိရှိစေခဲ့ပါသည်။

၁၉၈၁ ခုနှစ်တွင် ကျေးရွာမြေများကို ဒွိုင်ဆုတပ်ဖပိုင် (Doi Suthep-Pui) အမျိုးသားဥယျာဉ်တွင် ထည့်သွင်းခဲ့ပြီး ရွာသားများသည် ဥပဒေကြောင်းအရ နှင်ထုတ်ခံရမည်ကို ခြိမ်းခြောက်ခံနေခဲ့ရသည်။ ယင်းကို ရှောင်ရှားရန် ရွာသားအချို့က ၎င်းတို့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ကြောင်း ပြသရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ဘန်မယ်ဆာမိုင် သဘာဝအရင်းအမြစ်ထိန်းသိမ်းရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဆုံးရှုံးသွားသော လယ်ကွင်းပြင်များတွင် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးရန် ရပ်ရွာလူထု၏ အများသဘောတူလက်ခံသောအချက်ကို တည်ဆောက်နိုင်ခဲ့ကြသည်။

ဤအတောအတွင်း FORRU-CMU သည် သစ်တောပြန်လည်ထူထောင်ရေး မူဘောင်မျိုးစိတ်နည်းလမ်းကို စမ်းသပ်ရန် သင့်လျော်သော တည်နေရာကို ရှာဖွေရန် အမျိုးသားဥယျာဉ်အာဏာပိုင်ထံသို့ ချဉ်းကပ်ခဲ့သည်။ ဘန်မယ်ဆာမိုင်အထက် ရေရရှိရာနေရာကို အမျိုးသားဥယျာဉ် အာဏာပိုင်များက အကြံပြုထားပြီး ရွာသားများအတွက်လည်း သစ်တောပြန်လည်ထိန်းသိမ်းစိုက်ပျိုးရေး ကြိုးပမ်းဆောင်ရွက်ရာတွင် တိုးတက်ကောင်းမွန်လာစေရန် FORRU ၏ စီမံကိန်းကို လက်ခံရန် သဘောတူညီခဲ့ကြသည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် FORRU-CMU အား ထိုဒေသ၏ ဒေသဆိုင်ရာ သဘာဝ အရင်းအမြစ်များနှင့်အတူ FORRU ၏ သုတေသနဆိုင်ရာ လက်တွေ့လုပ်ဆောင်နိုင်မှုကို စမ်းသပ်ရန်နှင့် သစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်း စောင့်ကြည့်ခြင်း များတွင် ကူညီရန် အတွက် ဒေသခံတို့၏ လုပ်အား ပါဝင်နိုင်မှုကို စမ်းသပ်ရန် အခွင့်အရေး တစ်ခုလည်းဖြစ် သည်။



FORRU-CMU သည် ကျေးရွာသစ်ပင်ပျိုးခင်းတစ်ခုအား ရန်ပုံငွေထောက်ပံ့ပေးပြီး ရွာသူရွာသားများအား သစ်ပင်မျိုးပွားနည်းများဖြင့် လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ မျိုးစေ့များ စုဆောင်းပြီး သစ်ပင်များ စိုက်ပျိုးရန် ရွာရှိ မိသားစုတစ်စုကိုလည်း အလုပ်ခန့်ထားသည်။ ယခုအခါ ပျိုးခင်းသည် တစ်နှစ်လျှင် အပင် ၂၅,၀၀၀ ခန့် ထွက်ရှိပြီး အများစုမှာ ၁၉၉၆ ခုနှစ်မှ စတင်ကာ နှစ်စဉ် ဇွန်လလယ်တွင် ရွာအထက်တွင် စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ရပ်ရွာကော်မတီက သစ်တောစိုက်ခင်းများ တောမီးလောင်ခြင်းတွင် မပါဝင်စေရန် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စီစဉ်ပေးပါသည်။ ဇန်နဝါရီ လလယ်တွင် တောမီးလောင်မှုများ မရှိတော့ပဲ ဧပြီလ မိုးမရွာမီအထိ တောမီးမလောင်စေရန် ကြိုတင်ကာကွယ်သောအဖွဲ့ဝင်များ လိုက်ပါဆောင်ရွက်လေ့ရှိသည်။ ရွာသူရွာသားများသည် မီးစတင်ရာ ရာသီအစတွင် တောမီးလောင်ခြင်းအတွက် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာဆောင်ရွက်ချက်များ အောင်မြင်စွာ ပြီးဆုံးနိုင်ရေးအတွက် ဆုတောင်းပွဲတစ်ခု ပြုလုပ်ကြသည်။ FORRU-CMU သည် မီးငြှိမ်းသတ်ရန်အတွက် အလုပ်သမားခနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့များအတွက် အစားအသောက်များ ထောက်ပံ့ပေးပါသည်။ FORRU-CMU မှ စိုက်ထားသော သစ်ပင်များ ပတ်လည်တွင် ပေါင်းမြက်များနှင့် ဓာတ်မြေသြဇာများ ကြဲချ ပေးရန်အတွက်လည်း ရွာသားများအား အလုပ်အခွင့်အလမ်း ပေးထားပါသည်။ ဤငွေပေးချေမှုနှင့် ရပ်ရွာလုပ်အားပေးမှုများ ပေါင်းစပ်ခြင်းဖြင့် သစ်တောပြန်လည်ထိန်းသိမ်းစိုက်ပျိုးရေး လုပ်ကိုင်ရာနေရာများ၏ ဒေသခံများသည် လုပ်ငန်းစဉ် စတင်ခြင်းဆိုင်ရာသဘောတရားများကို သိရှိလာစေပြီး ရပ်ရွာအဆင့်အထိ လုပ်ငန်းဆောင်ရွက်မှုများအတွက် အထောက်အပံ့များ တဖြည်းဖြည်း တိုးလာစေပါသည်။

ယခုဆိုလျှင် ရွာအထက်ရှိ ရေရရှိရာနေရာသည် မကြာသေးမီက စိုက်ပျိုးပြီး သက်တမ်း ၁၇နှစ်အထိ ပြန်လည်ပြုပြင်ထားသော သစ်တောမြေကွက်များကို ပံ့ပိုးပေးလျက်ရှိသည်။ ရွာသားများသည် ပိုမိုလုံခြုံစိတ်ချရသော ရေအရင်းအမြစ်၊ သစ်တောထွက်ကုန်များ ပံ့ပိုးပေးလာနိုင်ခြင်းတို့အပြင် နိုင်ငံ၏အမျိုးသားဥယျာဉ်ကို ထိန်းသိမ်းစောင့်ရှောက်သူများအဖြစ် အပြုသဘောဆောင်သော ဂုဏ်သတင်းကို ရရှိနေကြပါသည်။





# FORRU ၏ ပညာရေးအစီအစဉ်များ






သုတေတနရလဒ်များသည်စာကြည့်တိုက်များတွင်ဖုန်မှုန့်များနဲ့အတူဂျာနယ်များ၏စာမျက်နှာများထဲတွင်သာရှိနေပါကထိုသုတေသနသည်ဘာရည်ရွယ်ချက်ရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့်၊ FORRUCMU သည် သစ်တောပြန်လည်ထူထောင်ရေးတွင် ပါဝင်ပတ်သက်သူအားလုံးအား အဖွဲ့၏ သုတေသနမှ အကျိုးတစ်ခုခုရရှိကြောင်းသေချာစေရန်ပညာပေးအစီအစဉ်တစ်ခုကို လုပ်ဆောင်ပါသည်။ ဤရုပ်ပြစာအုပ်သည် FORRU ၏ ပညာရေးပရိုဂရမ်များထဲမှ ထုတ်ကုန်တစ်ခုသာဖြစ်သည်။

**စာသင်ကျောင်းအစီအစဉ်များ** - FORRU-CMU သည် ပြည်တွင်းနှင့် နိုင်ငံတကာကျောင်းများအတွက် ပညာရေးဆိုင်ရာပွဲများကို ပံ့ပိုးပေးပါသည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းများသည် တစ်ခါတစ်ရံတွင် ကျောင်းတွင်းပွဲများကို ဆောင်ရွက်ပေးလေ့ရှိသော်လည်းများသောအားဖြင့် ကျောင်းသားကျောင်းသူများအား FORRU ၏ ပျိုးခင်းနေရာများ (သို့မဟုတ်) ဒွိုင်ဆုတပ် (Doi Suthep) ရှိ စိုက်ကွင်းနေရာများသို့ သွားရောလေ့လာလည်ပတ်စေလေ့ရှိသည်။ ပျိုးခင်းရှိ လှုပ်ရှားမှုများတွင် အသီးအနှံများနှင့် မျိုးစေ့များအကြောင်း လေ့လာခြင်း၊ မျိုးစေ့များပေါက်စေရန် စနစ်တကျ စိုက်ပျိုးခြင်း၊ ပျိုးပင်များ ပျိုးထောင်ခြင်းနှင့် ပျိုးခင်းတွင် အပင်များအား စနစ်တကျပြုစုပျိုးထောင်နည်းတို့အား သင်ယူခြင်းတို့ ပါဝင်သည်။ ဝပ်ဖရာတပ် ဒွိုင်ဆုတပ် (Wat Prathat Doi Suthep) အနီးရှိ ကျွန်ုပ်တို့၏ ပျိုးခင်းမှ သစ်တောဂေဟစနစ်အကြောင်း လေ့လာရန်နှင့် တောင်ပေါ် ရှိ အကြီးဆုံးသစ်ပင်ကို သွားရောက်ကြည့်ရှုရန် လွယ်ကူပြီး၊ လမ်းပြပေးနိုင်သော၊ သစ်တောလမ်းလျှောက်ခြင်းလည်း လုပ်နိုင်ပါသည်။ အစီအစဉ်များကို ကလေးများ၏ အသက်အရွယ်အလိုက် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားပြီး လိုအပ်သလို ထိုင်း (သို့မဟုတ်) အင်္ဂလိပ်ဘာသာဖြင့် စီစဉ်လုပ်ဆောင်ပါသည်။

**ပရော်ဖက်ရှင်နယ်များအတွက် လေ့ကျင့်ပေးခြင်း** - အစိုးရအရာရှိများ၊ NGO များ၊ နိုင်ငံတကာအေဂျင်စီများနှင့် တက္ကသိုလ်ကျောင်းသားများအတွက် ၁ ရက်မှ ၅ ရက်ကြာ လေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲများလည်း ပြုလုပ်ပါသည်။ ကျွန်ုပ်တို့၏ စံနှုန်း (၃)ရက်တာ အစီအစဉ်တွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ သဘောတရားများနှင့် မျိုးစိတ်ရွေးချယ်ခြင်းကို လေ့လာရန် စာသင်ခန်းတွင် တစ်ရက်၊ သစ်ပင်မျိုးပွားနည်းစနစ်ဆိုင်ရာ ပျိုးခင်းတွင် တစ်ရက်နှင့် လူမှုစီးပွားကဏ္ဍများအကြောင်း ကျေးရွာကော်မတီနှင့် ဆွေးနွေးရန်နှင့် ပြန်လည်ထူထောင်ခြင်းနှင့် ကွင်းဆင်းလေ့လာခြင်း၊ စောင့်ကြည့်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပြန်လည်ထူထောင်ရေးတို့ကို လေ့လာခြင်းတို့အတွက် ဘန်မယ်ဆာမိုင် (Ban Mae SaMai) တွင် တစ်ရက် အစရှိသည့် အစီအစဉ်များဖြင့် လုပ်ဆောင်ပါသည်။ FORRU-CMU သည် တိကျသော လိုအပ်ချက်များအတွက် အလုပ်ရုံဆွေးနွေးပွဲများကို စီစဉ်ပြုလုပ်ပေးနိုင်သောကြောင့် စိတ်ပါဝင်စားပါက apivit.chansai@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**Stephen Elliott ၊ DavidBlakesley နှင့် Kate Hardwickတို့စီစဉ်ရေးသားထားသော"အပူပိုင်းသစ်တောများ ပြန်လည် ထိန်းသိမ်းစိုက်ပျိုးခြင်း - လက်တွေ့ကျသောလမ်းညွှန်မှု"**
**ကယူး စာအုပ်ဖြန့်ချီရေး၊ HRH Prince of Wales မှ ထုတ်ဝေခြင်း**





အနုပညာနှင့်သစ်တောပြန်လည်ထိန်းသိမ်းစိုက်ပျိုးခြင်းသိပ္ပံပညာအကြောင်းအသေးစိတ်အချက်အလက်များကိုသိရှိနိုင်စေရန်၊ကျွန်ုပ်တို့သည်ဤပြည့်စုံသောလမ်းညွှန်ချက်ကိုစီစဉ်ဖန်တီးလိုက်ပါသည်။

အပူပိုင်းသစ်တောများ ပြန်လည်ထိန်းသိမ်းစိုက်ပျိုးခြင်း" သည် သစ်တောဂေဟစနစ်များ ပျက်စီးယိုယွင်းသွားသည့် နေရာတိုင်းတွင် ပြန်လည်ဖြည့်တင်းပံ့ အဆင့်ဆင့်ကို ပံ့ပိုးပေးပါသည်။ စာအုပ်သည် ၁၉၉၄ ခုနှစ်ကတည်းက FORRUCMU တွင် စတင်ခဲ့သော အယူအဆများနှင့် နည်းစနစ်များအပေါ် အခြေခံ၍ သစ်တောပြန်လည်ထူထောင်ရေး၊ နေရာရွေးချယ်မှု၊ ဒေသခံလူထုကို ထိတွေ့ဆက်ဆံမှု၊ ရန်ပုံငွေရှာဖွေခြင်းနှင့် စီမံကိန်းအစီအစဉ်များ ရေးဆွဲခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် တိုးတက်မှုကို စောင့်ကြည့်ခြင်းအထိ ကဏ္ဍပေါင်းစုံကို ခြုံငုံဖော်ပြထားသည်။ ပြန်လည်ထိန်းသိမ်းစိုက်ပျိုးရေးနည်းလမ်းများကို ပြုပြင်ရန်နှင့် ၎င်းတို့အား ဒေသဂေဟစနစ်နှင့် လူမှုစီးပွားအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် ဘယ်လိုမျိုး သုတေသနပြုဆောင်ရွက်မလဲကိုလည်း ရှင်းပြထားသည်။

ဤစာအုပ်သည် ပညာရှင်များ၊ သုတေသီများ၊ ကျောင်းသားများနှင့် မူဝါဒချမှတ်သူများ အပါအဝင် အပူပိုင်းသစ်တောများ ပြန်လည်ထိန်းသိမ်းစိုက်ပျိုးရန် စိတ်ဝင်စားသူတိုင်းအတွက် အဖိုးမဖြတ်နိုင်သော အရင်းအမြစ်တစ်ခုဖြစ်ပြီး ကာဗွန်သိုလှောင်ခြင်းအတွက် သစ်တောများ ပျိုးထောင်စိုက်ပျိုးနေသူများအတွက် မရှိမဖြစ်လိုအပ်သော စာအုပ်တစ်အုပ်ဖြစ်သည်။ ယခု ပုံနှိပ်စာအုပ်ကို Kew ဝဘ်ဆိုဒ် (www.kewbooks.com/asps/ShowDetails.asp?id=1035) မှတဆင့် မှာယူနိုင်သလို ကျွန်ုပ်တို့၏ ဝဘ်ဆိုဒ် (www.forru.org/en/content.php?mid=78) မှတဆင့် အခမဲ့ဖတ်ရှုနိုင်ပါသည်။ )

# FORRU-CMU ကို ဘယ်လိုဆက်သွယ်ရမလဲ?




သစ်တောပြန်လည်ထိန်းသိမ်းစိုက်ပျိုးရေး သုတေသနဌာန၏ ရုံးများသည် ချင်းမိုင်တက္ကသိုလ်၏ ဇီဝဗေဒဌာန၏ဆေးပင်ဝါးပင်အခြောက်များ စနစ်တကျစိစဉ်စုဆောင်းရာအဆောက်အအုံတွင် တည်ရှိသည်။


**စာတိုက်လိပ်စာ** : -

သစ်တောပြန်လည်ထူထောင်ရေး သုတေသနဌာန
c/o ဒေါက်တာ Stephen Elliott
ဇီဝဗေဒဌာနဆိုင်ရာ သိပ္ပံဌာန ချင်းမိုင်တက္ကသိုလ်
ဟွိုင်ခယူလမ်း, ချင်းမိုင် ထိုင်းနိုင်ငံ ၅၀၂၀၀

**ဖုန်း** : -

053 943346 (သို့မဟုတ်) 3348 ext 1114, 1134

081 531 0894

**(4)အီးမေးလ်** : -

stephen_elliott1@yahoo.com (အင်္ဂလိပ်လို အထွေထွေ စုံစမ်းမေးမြန်းမှုများအတွက်)

s.suwann@gmail.com (ထိုင်းဘာသာဖြင့် အထွေထွေ စုံစမ်းမေးမြန်းရန်)

somrattanamon@gmail.com (ပညာရေးဆိုင်ရာ စုံစမ်းမေးမြန်းရန်အတွက်)

apivit.chansai@gmail.com (ပညာရေးဆိုင်ရာ စုံစမ်းမေးမြန်းရန်)


**စာအုပ်များနှင့် အခြားသိမ်းဆည်းထားသော သက်ဆိုင်ရာ အချက်အလက်များအတွက် ကျွန်ုပ်တို့၏ဝဘ်ဆိုဒ်** : -

www.forru.org

**လက်ရှိလှုပ်ရှားမှုများအတွက် ကျွန်ုပ်တို့၏ Facebook စာမျက်နှာ** : -

www.facebook.com/forestrestorationresearchunit

**ကျွန်ုပ်တို့၏ YouTube ချန်နယ်** : - )

artRELIEF
INTERNATIONAL

info@artrelief.net
www.artrelief.net

နိုင်ငံတကာအနုပညာကယ်ဆယ်ရေးအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်မှာ သိသာထင်ရှားသော လူမှုရေပြဿနာများကို သတိပြုမိစေရန်နှင့် ရုန်းကန်နေရသော လူမှုအဖွဲ့အစည်းများကြားတွင် တီထွင်ဖန်တီးနိုင်စွမ်းကို မွေးမြူရင်း အပြောင်းအလဲကို တွန်းအားပေးရန် ဖြစ်သည်။ နိုင်ငံတကာအနုပညာကယ်ဆယ်ရေးအဖွဲ့အစည်းသည် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအား လက်ခံပေးခြင်းနှင့် အနုပညာအပေါ် လေးမြတ်တန်ဖိုးထားမှုတိုးပွားစေသော ကုထုံးပတ်ဝန်းကျင်တစ်ခုကို ပေးခြင်းသာမကပဲ နေ့စဉ် လူနေမှုဘဝ၏ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ထွက်ပေါက်တစ်ခုကိုလည်း ထောက်ပံ့ ပေးပါသည်။



နိုင်ငံတကာအနုပညာကယ်ဆယ်ရေးအဖွဲ့အစည်းသည် ဆေးရေးပန်ချီနှင့် ပုံဆွဲခြင်းမှ အကနှင့် ပြဇာတ်အထိ အနုပညာလက်ရာအားလုံးကို အသုံးပြုဖန်တီးပါသည်။ ကျွန်ုပ်တို့ဟာ ကုသရန်၊ ပျော်ရွှင်ရန်၊ စိတ်၊ ဝိညာဉ်နှင့် ကိုယ်ခန္ဓာအား ပြန်လည်ထူထောင်ရန်ဆိုသောအရာများအတွက် မိမိကိုယ်ကိုယ် ပြန်လည်ဆန်းစစ်ခြင်းကို အားပေးပါသည်။



နိုင်ငံတကာအနုပညာကယ်ဆယ်ရေးအဖွဲ့အစည်း၏ အလုပ်ရုံဆွေးနွေးပွဲများကိုစေတနာ့ဝန်ထမ်းများမှစီစဉ် ဆောင်ရွက်အကောင်အထည်ဖော်ပါသည်။ စေတနာ့ဝန်ထမ်းများမှာ နိုင်ငံအနှံ့အပြားမှ လာရောက်ကြပြီး ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အလုပ်လုပ်ရန် နေထိုင်ရန် လာကြသူများဖြစ်သည်။



ကျွန်ုပ်တို့၏အလုပ်ရုံဆွေးနွေးပွဲများနှင့် အနုပညာလက်ရာများဖန်တီးရန် အကြံဉာဏ်များရယူရန် ကျွန်ုပ်တို့၏ ဘလော့ဂ် art-relief blogspot.comကို လာရောက် ကြည့်ရှုရန် ဖိတ်ခေါ်ပါတယ်။ ကျွန်ုပ်တို့၏ လူမှုကွန်ရက်စာမျက်နှာများဖြစ်သောfacebook (www.facebook.com/artreliefinternational) နှင့် instagram (@artreliefinternational) တို့အား ဖောလိုးလုပ်ပြီး ကျွန်ုပ်တို့ လုပ်နေသော အလုပ်များနှင့် စေတနာ့ဝန်ထမ်းအတွေ့အကြုံများကိုလည်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါတယ်။)

# စာအုပ်ဖြစ်မြောက်ရေးစီစဉ်သူမှ စကားအနည်းငယ်




ရာသီဥတု အရမ်းပူလာတဲ့အခါ အရိပ်ရအပင်အောက်မှာ ထိုင်ပြီး သစ်ရွက်ခြောက်လေးတွေ လေထဲမှာ လွင့်နေတဲ့အသံကို နားထောင်ရတာ ကြိုက်လား? ပြီးတော့ အပေါ်ကိုမော့ကြည့်လိုက်ရင် သစ်ရွက်တွေရဲ့ ပုံစံက ကောင်းကင်နဲ့ ဆန့်ကျင်ဘက် ရွေ့နေတာကို တွေ့ရတာ အလွန်ကြည့်လို့ ကောင်းပါတယ်။ အပင်တွေဆိုတာ ကျွန်တော်တို့အတွက် အရိပ် ပေးရုံအတွက် မဟုတ်ပဲ အရမ်းအရေးပါ ပါတယ်။ သစ်ပင်တွေက ကျွန်တော်တို့ အိမ်တွေအတွက် သစ်သား ပြီးတော့ ပရိဘောဂနဲ့ အစားအသောက်ချက်ပြုတ်ဖို့အတွက် လောင်စာဆီ တို့ကို ထုတ်ပေးတယ်။ အပင်တွေက မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြေဆီလွှာကို အဝေးသို့ မျောပါ မသွားစေရန် သေချာအမြစ်တွယ်ထားစေပြီး အပင်တွေက ကြည့်ရတာ လှပပါတယ်။

ဒါတင်မကသေးဘူး။ အပင်တွေက ကျွန်တော်တို့ အသက်ရှင်ဖို့အတွက် လိုအပ်တဲ့ အောက်ဆီဂျင်ကိုလဲ ထုတ်လုပ်ပေးပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ကိုလဲ စုပ်ယူပေးတယ်။ သိပ္ပံပညာရှင်အများစုဟာ လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေ များပြားလာတာကြောင့် ကမ္ဘာကြီးရဲ့ ရာသီဥတုဟာ လျင်မြန်စွာ ပြောင်းလဲနေပြီလို့ ဆိုနေကြတာ မင်းသိလား?

ကျွန်တော့ဘဝတစ်လျှောက်လုံးမှာ ကျွန်တော်တို့ဟာ သစ်ပင်များစွာကို ခုတ်လှဲပစ်ခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီး အောက်ဆီဂျင်ကို ထုတ်လုပ်ပေးတဲ့ သစ်တောတွေရဲ့ အရည်အသွေးဟာ အလွန် လျော့ကျသွားခဲ့ပါတယ်။ ကျွန်တော်တို့အတွက် လိုအပ်တဲ့ သစ်သား၊ အောက်ဆီဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူဖို့နဲ့ အပင်တွေ ဆက်လက် ရှင်သန် လှပနေစေဖို့ ကျွန်တော်တို့ ခုတ်လှဲပစ်လိုက်တဲ့ သစ်တောတွေကို ပြန်လည် အစားထိုးဖို့ဟာ အလွန်အရေးကြီးပါတယ်။ ဒါပေမယ့် သစ်ပင်စိုက်ပျိုးခြင်းတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ သစ်တောဟာ သစ်ပင်မျိုးစိတ်တွေ၊ အပင်မျိုးစိတ်တွေ၊ အင်းစက်မျိုးစိတ်တွေ၊ မှိုမျိုးစိတ်တွေ။ တိရိစ္ဆာန်မျိုးစိတ်တွေနဲ့ ငှက်မျိုးစိတ်တွေပါဝင်တဲ့ ရှုပ်ထွေးတဲ့ ဂေဟဗေဒတစ်ခုပါ။ သူတို့ရဲ့ ရှင်သန်မှုများဟာ ဆက်စပ်နေပြီး တစ်ခုနဲ့ တစ်ခုအပေါ် မကြာခဏ မှီခိုလျက်ရှိပါတယ်။ ဥပမာအားဖြင့် တိရိစ္ဆာန်တွေဟာ သစ်ပင်တွေဆီမှ အစိများကို မကြာခဏစားသုံးပြီး ထို အစိတွေကို တစ်နေရာကနေ အခြား သစ်တော တစ်နေရာကို သယ်ယူသွားကြပါတယ်။

ချင်းမိုင်တက္ကသိုလ်မှာရှိတဲ့ သစ်တောပြန်လည်ထူထောင်ရေး သုတေသနဌာနမှ ဒေါက်တာစတက်ဖန်အီးလိယက်နဲ့ သူ့အဖွဲ့သားတွေဟာ ရှုပ်ထွေးတဲ့ သစ်တောဂေဟဗေဒစနစ်တွေနဲ့ ၎င်းတို့ကို ထောက်ပံ့ပေးတဲ့ တောရိုင်းတိရိစ္ဆာန်များကို ပြန်လည်ပြုထူထောင်ရန် ထိရောက်ပြီး ရေရှည်ဖွံ့ဖြိုးနိုင်သော နည်းလမ်းများကို တည်ထွင်ခဲ့ကြတယ်။ သူတို့၏ အလုပ်များကို အခြေပြုပြီး ကိတ်ဒေါင်းစ်ဟာ သစ်တောများသည် ၎င်းတို့၏ ယခင်ခမ်းနားထည်ဝါမှုသို့ ပြန်လည်ရောက်ရှိနိုင်ပုံကို သေချာ ရှင်းလင်းပြထားသော အံ့သ◌ြဖွယ်ကောင်းသည့် ပုံပြင် စာအုပ်ကို ကလေးများအတွက် ဖန်တီး ပုံဖော်ခဲ့ခြင်းဖြစ်ပြီး ကျွန်ုပ်အနေနှင့် ယခုကဲ့သို့ စာအုပ်စီစဉ်ထုတ်ဝေမှုတွင် ပါဝင်ရသည့်အတွက်လည်း ဝမ်းသာပါတယ်။

ယခု ပုံပြင်စာအုပ်ကို ကြိုက်နှစ်သက်မယ်လို့ မျှော်လင့်ပြီး ကျွန်ုပ်တို့ရဲ့ သစ်တောတွေကို ထိန်းသိမ်းနိုင်ဖို့အတွက် တစ်ခုခုပြန်လည် အကျိုးပြုနိုင်စေပြီး လူတိုင်း အရိပ်ရအပင်အောက်မှာ ထိုင်ရင်း သစ်ပင်မှ ထွက်တဲ့ အောက်ဆီဂျင်ကို ရှူရှိုက်ရင်း ပျော်ပျော်ရွှင်ရွှင် နေနိုင်မှာလဲ ဖြစ်ပါတယ်။